# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့အစီအစဉ်

# [ ၂၃–၁–၂၀၁၃ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **စွမ်းအင်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အကြောင်းအရာ (၃) ခု** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **လာမည့် ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဟု ကတိပေးထားပြီးဖြစ်ရာ လစာတိုးပေးပြီးနောက် ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့် အစီအမံများ ချထားဆောင်ရွက်နေသည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးစိုင်းဘိုးအောင်၊ မူဆယ် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရှိ အစိုးရနှင့် ပုဂ္ဂလိကဘဏ်များက ပညာရေးဆိုင်ရာ ချေးငွေများနှင့် ကျောင်းသားချေးငွေများ(Education Loans and Student Loans)ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည့် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဒေါက်တာတင်မောင်ကြိုင်၊ ကြံခင်း မဲဆန္ဒနယ်၏ **မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ သာမန်အသုံးစရိတ်များ ခွဲဝေချထားရာတွင် ခေတ်ကာလနှင့် လျော်ညီသော အသုံးစရိတ်များ ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ပြည်တွင်း ကြေးမြုံပေးဆပ်ရေး အတွက် မည်သို့ စီမံဆောင်ရွက် နေကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်၊ မြို့နယ် စီမံကိန်း ရေးဆွဲရေးရုံး ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပြည်သူ့ဝန်ထမ်းများအား ယနေ့ခေတ်နှင့်လျော်ညီသော ထိုက်တန်သည့် ရာထူးအဆင့်အတန်း အလိုက် ဝန်ထမ်းခံစားခွင့်များ စီစဉ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **စော်ဘွားအင်း ရေနုတ်မြောင်း တူးဖော်ရေးနှင့် ရေကာကျောက်စီနံရံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်၏ **လှည်းတန်းပေ ၅၀ လမ်း ပေါ်ရှိ ပြန်ကျဈေးသည်များအား စနစ်တကျနေရာချပေးရန်နှင့် လှည်းတန်းဈေးသစ်ကြီးအား ဈေးအင်္ဂါရပ်နှင့်အညီ ဥပမိရုပ် သန့်ရှင်းမှု ရှိအောင် ပြုပြင်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **သမ္မတရုံး ဝန်ကြီးဌာန(၁) နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၄ ခု** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်က **"ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန် မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ ကျမ်းသစ္စာကျိန်ဆိုရေး"** အဆို တင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **"ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၉။ **" ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း "** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **" ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း "** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။